ပုဇွန်ချောင်းကျေးရွာ

လက်ဆွဲချောင်းကျေးရွာအုပ်စု၊ဓနုဖြူမြို့နယ်

ဧရာဝတီတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေး

ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ)


စီမံကိန်းပြုစုရေးသားသည့်အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ပုဇွန်ချောင်းကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ဓနုဖြူမြို့နယ်၏အကူ

အညီဖြင့်ရေးဆွဲပါသည်။)



ဇူလိုင်လ ၂၀၂၅

# မာတိကာ


စကားချီး ၁-၂

လက်ဆွဲချောင်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ခနော့ဖြူမြို့နယ် ၃

လက်ဆွဲချောင်းကျေးရွာရာသီခွင်ပြက္ခဒိန်၊ခနော့ဖြူမြို့နယ် ၄

လက်ဆွဲချောင်းကျေးရွာအဖွဲ့အစည်းချိတ်ဆက်ပြမှုပြပုံစံ၊ခနော့ဖြူမြို့နယ် ၅

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်**

(၁)နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု ၆-၇

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ ၈

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ ၈-၉

(က) လူဦးရေဆိုင်ရာအချက်လက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့်အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ၁၀-၁၂

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု– လမ်းတံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊ ၁၃
အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ
(က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ ၁၃-၁၄

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ် ၁၄-၁၆
ကျသောချိတ်ဆက်မှုများ

(၈) ဦးစားပေးစီမံချက်များနှင့်၎င်းအကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ ၁၆-၁၈

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
(ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေးစီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

(၉) ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ် ၁၉

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ ၂၀-၂၁
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်
အတွက်အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာအစီအစဉ်များ

(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၁-၂၃
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာအကူအညီ

## နောက်ဆက်တွဲ

## နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ

### (၁) လူမှုစီးပွားရေးအခြေအနေ


| | | | |
|---|---|---|---|
| ဇယား | ၁ | လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ | ၂၄ |
| ဇယား | ၂ | လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား | ၂၅-၃၀ |
| ဇယား | ၃ | လုပ်ငန်းနှင့် ကျား၊မ အလိုက် အနည်းဆုံးနှင့်အများဆုံး လုပ်အားခနှုန်းထား | ၃၁ |
| ဇယား | ၄ | ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု | ၃၂ |
| ဇယား | ၅ | ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ | ၃၂-၃၃ |
| ဇယား | ၆ | ဥစ္စာဓနအဆင့်အခြေအနေ | ၃၄ |
| ဇယား | ၇ | ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ | ၃၅ |
| ဇယား | ၈ | ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ | ၃၆ |
| ဇယား | ၉ | ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ | ၃၇-၃၈ |
| ဇယား | ၁၀ | ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု | ၃၉-၄၀ |


### (၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ


| | | | |
|---|---|---|---|
| ဇယား | ၁၁ | ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ | ၄၁-၄၂ |
| ဇယား | ၁၂ | ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ | ၄၃ |
| ဇယား | ၁၃ | ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု | ၄၄ |
| ဇယား | ၁၄ | ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ | ၄၅ |
| ဇယား | ၁၅ | အဓိကသီးနှံများနှင့် အထွက်နှုန်း | ၄၆ |
| ဇယား | ၁၆ | ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု | ၄၆-၄၇ |
| ဇယား | ၁၇ | သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ | ၄၇-၄၈ |
| ဇယား | ၁၈ | သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ | ၄၉-၅၀ |
| ဇယား | ၁၉ | မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ | ၅၀ |
| ဇယား | ၂၀ | မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ | ၅၁-၅၂ |
| ဇယား | ၂၁ | မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ | ၅၂-၅၄ |
| ဇယား | ၂၂ | စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ | ၅၄-၅၅ |
| ဇယား | ၂၃ | စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေး လုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ | ၅၅-၅၆ |
| ဇယား | ၂၄ | ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ ပုံစံနှင့်အချိန်ကာလ | ၅၆-၅၇ |
| ဇယား | ၂၅ | ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းအရင်း | ၅၇ |
| ဇယား | ၂၆ | ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ | ၅၇-၅၈ |

ဇယား ၂၇ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ ၅၈
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း ၅၉-၆၀
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်**များ** စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ **၆၁**
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း **၆၁-၆၂**
ဇယား ၃၁ ကျောင်းတက်နှုန်း **၆၂-၆၃**
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့်ဝန်ဆောင်မှုများ **၆၄**
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ **၆၅**
ဇယား ၃၄ အဖြစ်များသော ရောဂါများ **၆၅-၆၆**
ဇယား ၃၅ လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု **၆၆**
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ **၆၇**
ဇယား ၃၇ သောက်သုံးရေရရှိမှု **၆၈**
ဇယား ၃၈ အိမ်သာအမျိုးအစား **၆၉**
ဇယား ၃၉ ကျား-မ ရေးရာ **၇၀**
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ **၇၁-၇၂**
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှု **၇၂-၇၃**
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး **၇၃-၇၄**
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ **၇၄**
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ **၇၄-၇၅**
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်ဆိုင်ရာနည်းပညာ အခြေအနေ ၇၅
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ ၇၆
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု ၇၆-၇၇
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ ၇၇
**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၇၈
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၈၀

**ကိုးကားစာရင်း**

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MCRD | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၅/၂၀၂၆ဘဏ္ဍာရေးနှစ်မှ ၂၀၂၉/၂၀၃၀ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့်ကျွန်ုပ်တို့ကျေးရွာ၏ပထမဦးဆုံးသောလူအများပါဝင်ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ကနဦးအနေဖြင့်စီမံချက်ဖြစ်မြောက်ရေးအတွက်လိုအပ်သောနည်းပညာများပံ့ပိုးပေးသောသမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအားအထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသောအချက်အလက်များနှင့်အကြံဉာဏ်များကိုတက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်းလူထုအများစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့်အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှစီစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သောကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့်ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည်ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့်လုပ်ငန်းအစီအစဉ်များကိုမူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍နောင်တွင်လည်းကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကိုဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက်ပံ့ပိုးကူညီမှုများရရှိနိုင်မည်

ဖြစ်ပါကြောင်းယုံကြည်ပါသည်။ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။အပိုင်း(က)တွင်ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။အကောင်အထည်ဖော်မည့်ဗျူဟာ၊ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။အပိုင်း(ခ)သည်စီမံကိန်းဆိုင်ရာအချက်အလက်၊အကြောင်းအရာများဖြစ်ပြီးအဆိုပြုစီမံကိန်းလုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ဇူလိုင်လ၊၂၀၂၅

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

လက်ဆွဲချောင်းကျေးရွာ

ခနုဖြူမြို့နယ်

## ဓနုဖြူမြို့နယ်၊ လက်ဆွဲချောင်းကျေးရွာအုပ်စု၊ ပုဇွန်ချောင်းကျေးရွာ အရင်းအမြစ်ပြမြေပုံ



# ဓနုဖြူမြို့နယ်၊ လက်ဆွဲချောင်းကျေးရွာအုပ်စု၊ ပုဇွန်ချောင်းကျေးရွာ ရာသီခွင်ပြက္ခဒိန်

ပုဇွန်ချောင်းကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု | နွေပူ | နွေပူ | နွေပူ / မိုးရွာ | မိုးရွာ | မိုးရွာ | မိုးရွာ / နွေပူ | မိုးရွာ / နွေပူ | မိုးရွာ / နွေပူ | နှင်းကျ / နွေပူ | နှင်းကျ / နွေပူ | နှင်းကျ / နွေပူ | နွေပူ |
| စိုက်ပျိုးရေး | ထွန်ယက် | ထွန်ယက် / စိုက်ပျိုး | စိုက်ပျိုး / ဆေးဖြန်း | အစာကျွေး | ပေါင်းနှုတ် | အစာကျွေး | ရိတ်သိမ်း | ရိတ်သိမ်း | စိုက်ပျိုး | ဆေးဖြန်း | ဆေးဖြန်း | ရိတ်သိမ်း |
| ကျန်းမာရေး | ဖျားနာ | ဝမ်းပျက် ဝမ်းလျှော | ဝမ်းပျက် ဝမ်းလျှော | သွေးလွန် တုပ်ကွေး | သွေးလွန် တုပ်ကွေး | တုပ်ကွေး ဖျား | တုပ်ကွေး ဖျား | ရာသီဖျား | ရာသီဖျား | ဖျားနာ | ဖျားနာ | ဖျားနာ |
| သောက်သုံးရေ | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် |
| သဘာဝဘေးအန္တရာယ် | သင့်တင့် | သင့်တင့် | သင့်တင့် | သင့်တင့် | သင့်တင့် | သင့်တင့် | သင့်တင့် | သင့်တင့် | သင့်တင့် | သင့်တင့် | သင့်တင့် | သင့်တင့် |
| လမ်းပန်းဆက်သွယ်ရေး | ကောင်းမွန် | သင့်တင့် | သင့်တင့် | သင့်တင့် | သင့်တင့် | သင့်တင့် | သင့်တင့် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် | ကောင်းမွန် |
| အစားအစာ | သင့်တင့် | သင့်တင့် | သင့်တင့် | သင့်တင့် | သင့်တင့် | သင့်တင့် | သင့်တင့် | သင့်တင့် | သင့်တင့် | သင့်တင့် | သင့်တင့် | သင့်တင့် |
| ဝင်ငွေ/ထွက်ငွေ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| ပွဲတော်များ | သင်္ကြန် | ညောင်ရေသွန်း | — | ဝါဆို သင်္ကန်းကပ် | — | — | မီးထွန်းပွဲ | ကထိန်ပွဲ | | နှစ်သစ်ကူးပွဲ / ဆွမ်းလောင်းပွဲ | တရားပွဲ / ထမနဲပွဲ | — |

ရက်စွဲ - 16.6.2025

ရေးဆွဲသူ - ဦးမြင့်ဖြိုးအောင်

## နေပြည်တော် ဇေယျာသီရိ မြို့နယ်၊ လက်ဆွဲချောင်းကျေးရွာအုပ်စု၊ ပုဏ္ဏချောင်းကျေးရွာ အဖွဲ့အစည်းချိတ်ဆက်မှုပုံစံ



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည်အစိုးရဌာနများ၊ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီး တစ်နိုင်ငံ လုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။ကျွန်ုပ်တို့၏ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုနိုင်ငံတော်၏အကူအညီဖြင့်ရေးဆွဲရာတွင်ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက်ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန်အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင်ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ဌာနဆိုင်ရာများစသည်တို့ထံမှလိုအပ်သောကိန်းဂဏန်း၊သတင်းအချက်အလက်များရယူရန်နှင့်ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန်လိုအပ်သော နည်းပညာများရရှိရန်အရေးကြီးကြောင်းကိုပါသတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေအနေများ၊ကြုံတွေ့နေရသောပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့်အဟန့်အတားဖြစ်စေသောအချက်များ၊(၅)နှစ်တာကာလအပြီးတွင်ရရှိအောင် ဆောင် ရွက်လိုသည့်ရည်မှန်းချက်များ၊ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန်လိုအပ်သောအရာများနှင့်ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ပုဂ္ဂလိကကဏ္ဍ၊ဘဏ်များ၊စာပေပညာရှင်များ၊သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက် သူမှန်သမျှတို့သည်ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက်အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက်အသုံးဝင်မှုများအနေဖြင့်ကျေးရွာလူထု၏လိုလားချက်နှင့်၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက်အောင်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGOs)၊အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs)နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာ

လူထု၏အမှန်တကယ်လိုအပ်ချက်များနှင့်ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက်သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့်တက္ကသိုလ်များအနေဖြင့်ကျွန်တော်တို့ကျေးရွာနှင့်ကျေးလက်လူထု၏တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သောငင်းတို့၏သုတေသနလုပ်ငန်းများကိုစီစဥ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့်သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့်ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်အလှူရှင်အဖွဲ့အစည်းများအနေဖြင့်၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီးကျေးရွာဖွံ့ဖြိုးရေးအစီအစဥ်များကိုမြို့နယ်အဆင့်တွင်ပေါင်းစပ်ညှိနှိုင်းစီစဥ်မှုများပြုလာနိုင်ပါမည်။

## ၁.၂စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဥ်ရေးဆွဲရာတွင်အချိန်ကာလတစ်ခုအတွင်းကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရနိုင်မည့်အကူအညီများကိုအခြေခံကာဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ယခုအခါယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့်ရေးဆွဲထားပါသည်။ လူထုဦးဆောင်ပါဝင်သည့်လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင် ခွင့်ရရှိပြီးအမြင်ရှင်းလင်းမှုရစေကာဖွံ့ဖြိုးမှုဖြစ်စဥ်တွင်လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်လုပ်ငန်းများကိုလူထုပါဝင်၍စုစည်းခြင်း၊ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့်ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကိုတိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဥ်ကို အကောင်အထည်ဖော်ရာတွင်ပစ္စည်းအခက်အခဲ၊ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင်ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့်အစီအစဥ်မျိုးဖြစ်ပါသည်။

## ၂။ပထဝီအနေအထားနှင့်သဘာဝသယံဇာတအရင်းအမြစ်များ

### (က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ပုဇွန်ချောင်းကျေးရွာသည် ရောဝတီမြစ်အရှေ့ဘက်ကမ်းတွင်တည်ရှိပြီး ရောဝတီမြစ်မှ ခွဲထွက်လာသောချောင်းသည် မြစ်အရှေ့ဘက်မှတစ်ဆင့် ဘောလယ်မြစ်သို့စီးဆင်းသွားပါသည်။ ရှေးအခါ ဘိုးဘေးများမှ ထိုချောင်းကမ်းပါးဘေးတွင် ရွာတည်၍ နေထိုင်ကြရာမှ ထိုချောင်းသည် မြစ်ရေတက်လာပါက ပုဇွန်များမှာ လက်ဖြင့် လွယ်ကူစွာဖမ်းရလောက်အောင် ပေါများခြင်းကို အစွဲပြု၍ ပုဇွန်ချောင်းရွာဟု ခေါ်ဆိုခဲ့ကြပါသည်။ ကျေးရွာ၏ မြောက်ဘက်သို့ဆက်သွားပါက လေးအိမ်တန်း၊ လက်ဆွဲချောင်းကျေးရွာ၊ ကျေးရွာ၏ တောင်ဘက်တွင် လင်းလွန်းပင်ကျေးရွာနှင့် ရွှေကညင်ပင်ကျေးရွာတို့ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ကျုံတုံးကျေးရွာနှင့်စစ်ကွင်းကျေးရွာ၊ ကျေးရွာ၏အနောက်တွင် ရေကာတာတို့ရှိပါသည်။ ဓနုဖြူမြို့နှင့် (၄)မိုင်ကျော်ကွာဝေးပါသည်။ မိုးရာသီတွင်မိုးကောင်း၍ ဆောင်းနှင့်နွေသည်လည်း ရာသီဥတုအသင့် အတင့်ရှိပါသည်။ ဒေသ၏ တစ်နှစ် ပျမ်းမျှမိုးရေချိန် လက်မမှာ(၄၀)အထက်ရှိပြီး မြေပြန့်ဒေသဖြစ်ပါသည်။

### (ခ) သဘာဝအရင်းအမြစ်

ပုဇွန်ချောင်းကျေးရွာသည် တွင်းထွက်သယံဇာတများ၊ သဘာဝအပင်မျိုးစိတ်များ၊ သဘာဝတိရစ္ဆာန်မျိုးစိတ်များရရှိနိုင်မှုမရှိပါ။ လယ်လုပ်ငန်းအတွက် နွားအသုံးပြုမှု မရှိသလောက်နည်းပါးပါသည်။ စက်များကိုသာ အသုံးပြုကြပြီး စက်များမှာလည်း အလွယ်တကူ ငှားရမ်း အသုံးပြုနိုင်ကြပါသည်။ နွားများမရှိသဖြင့် စားကျက်မြေများလည်းမရှိပါ။ ပုဇွန်ချောင်းကျေးရွာတွင် တွေ့ရသောဆေးဘက်ဝင်အပင်များမှာ ငွေးတောက်ပင်၊ ကနဖော့ပင်၊ ဘီးစပ်ပင်၊ လောက်သေပင်၊ ဘောက်ပင်၊ တို့ဖြစ်ပါသည်။

## ၃။ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က)လူဦးရေဆိုင်ရာအချက်အလက်များ

ပုဇွန်ချောင်းကျေးရွာတွင် အိမ်ခြေ(၇၈)အိမ်၊ အိမ်ထောင်စု(၇၈)နှင့် လူဦးရေ(၃၁၃)ဦး၊ ကလေးငယ်အရွယ်(၄)%၊ ကျောင်းနေအရွယ်(၁၃)%၊ အလုပ်လုပ်နိုင်သောအရွယ်(၇၄)%၊ သက်ကြီးရွယ်အို(၈)% ရှိပါသည်။ တစ်အိမ်ထောင်လျှင်ပျမ်းမျှ(၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ဦးထက် လျော့နည်းသည်။ ကျေးရွာသူကျေးရွာသားများသည် ပိုးကရင်လူမျိုးများဖြစ်ကြပြီး ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပါသည်။ ကျေးရွာတွင် အမျိုးသား (၁၅၇) ဦး၊ အမျိုးသမီး (၁၅၆)ဦး ရှိသဖြင့် ကျားမအချိုးများပြားစွာကွာဟမှုမရှိကြောင်း တွေ့ရှိရပါသည်။

### (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု

ကျေးရွာတွင် လယ်စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုကြ၍ ကျပန်းလုပ်ငန်းများလုပ်ကိုင်သူများလည်းရှိကြပါသည်။ **ပုဇွန်ချောင်း**ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ လယ်မြေဧက (၂၀၂)ဧက၊ ခြံမြေ(၃)ဧက၊ စုစုပေါင်းလယ်၊ယာ၊မြေပိုင်ဆိုင်းမှုဧက(၂၀၅)ဧကဖြစ်ကြောင်း၊ ယာမြေ၊ခြံမြေ၊ ဓနိတောမြေ၊စားကျက်မြေ၊မြေလွတ်မြေလပ်များ မရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

ပုဒွန်ချောင်းကျေးရွာ၏ ဥစ္စာဓနအဆင့်မှာ အဆင်ပြေသော အိမ်ထောင်စု(၈)အိမ် (၁၀%)၊ အလယ်အလတ်ရှိသော အိမ်ထောင်စု(၁၄) အိမ်(၅၃%)၊ ဆင်းရဲသော အိမ်ထောင်စု(၁၈)အိမ်(၂၃%)၊ အလွန်မပြေလည်သော အိမ်ထောင်စု(၃၈)အိမ် (၄၅)%ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ အဆင်ပြေသောအိမ်ထောင်စုများမှာ လယ်လုပ်ငန်း အဓိက လုပ်ကိုင်ကြပြီး (၅)ကေနှင့်(၁၂) ကေ ကြား ပိုင်ဆိုင်သူများဖြစ်ကြကြောင်း၊ လယ်လုပ်ငန်းသုံးထွန်စက်ငယ်များပိုင်ဆိုင်ကြကြောင်း၊ သစ်အိမ်အများဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုများမှာ လယ်လုပ်ငန်းနှင့်လုပ်သားအလုပ်သမား အဖြစ် အဓိကလုပ်ကိုင်ကြပြီး(၂)ကေနှင့် (၅)ကေကြား လယ်မြေများပိုင်ဆိုင်ကြကြောင်း၊ သစ်အိမ် အများဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။ မပြေလည်သောအိမ် ထောင်စုများမှာရာသီအလိုက်နေ့စား ကျပန်းလုပ်ကိုင်ကြသော မြေယာမဲ့များလည်းရှိကြောင်း၊ ဝါးအိမ် အများဆုံးဖြစ်ကြောင်း လေ့လာ တွေ့ရှိရပါသည်။ ပုဒွန်ချောင်းကျေးရွာတွင် အိမ်ထောင်စု(၇၈) အနက် မြေယာမဲ့ အိမ်ထောင်စု (၄၇)% ရှိ ကြောင်း လေ့လာတွေ့ရှိရပါသည်။

ပုဒွန်ချောင်းကျေးရွာသည် လယ်လုပ်ငန်းကို အဓိကလုပ်ကိုင်သော ဒေသဖြစ်သဖြင့်လယ်ယာစိုက်ပျိုးရေးသုံးစက်ကိရိယာများပိုင်ဆိုင်မှုမှာထွန်စက်(၁၇)စီး၊ ခြွေလှေ့စက်(၅)စီး၊ မြက်ရိတ်စက်(၁၀)စီးဖြစ်ပါသည်။ လယ်ယာစိုက်ပျိုးရေးသုံး စက်ကိရိယာများ မရှိ၍ ထွန်စက်တို့အား ငှားရမ်းလုပ်ကိုင်နေသောအိမ်ထောင်စုအရေအတွက်(၂၂) အိမ်ရှိကြောင်း၊ ရိတ်သိမ်းခြွေလှေ့စက်အား ငှားရမ်းလုပ်ကိုင်သောအိမ်ထောင်စုအရေအတွက်(၄၀)အိမ်ရှိကြောင်း၊ ခြွေလှေ့စက်အား ငှားရမ်းလုပ်ကိုင်သောအိမ်ထောင်စု(၃၅)အိမ်ရှိကြောင်း၊ ကျေးရွာမှ စုပေါင်း၍ အသုံးပြုရန်အတွက် ရွာပိုင်၊ အဖွဲ့ပိုင်စက်ကိရိယာများမရှိ ကြောင်းလေ့လာတွေ့ရှိရပါသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်လွယ်မှု**

ပုဒွန်ချောင်းကျေးရွာရှိ အိမ်ထောင်စုပေါင်း(၇၈)အနက် (၃)လအောက်ဝမ်းစာမဖူလုံ၍ လုပ်အားခကြိုယူ၍စားဝတ်နေရေးဖြေရှင်းနေရသောအိမ်ထောင်စု(၁၇)စုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ပုဒွန်ချောင်းကျေးရွာတွင် မိသားစုစောင့်ရှောက်မှုနည်းပါးသည့် သက်ကြီးရွယ်အို(၆၄)နှစ်နှင့်အထက်၊ မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်ရှိသည့် အိမ်ထောင်စုမရှိကြောင်း၊ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု၊ ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စု ၊ အခြားဒေသသို့ကြာမြင့်စွာသွားရောက်လုပ်ကိုင်နေသော ဆင်းရဲသည့် အိမ်ထောင်စုတို့ မရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

ပုဒွန်ချောင်းကျေးရွာသည် သဘာဝရင်းမြစ်(မြေ၊စိုက်ပျိုးရေ)ရှားပါးမှု၊မိုးခေါင်မှု၊အအေးလွန်ကဲမှု၊ပြင်းထန်သောမုန်တိုင်း၊လျှော်ဒဏ်၊ မီးဘေး၊သစ်တောပြုန်းတီးမှု၊ငှက်ဖျားရောဂါ၊ကိုယ်ခံအားကျဆင်းမှုရောဂါ၊ကျေးရွာတွင်းပဋိပက္ခ၊တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု၊လူကုန်ကူးမှုစသည့်ထိခိုက်မှုမျိုးမရှိကြောင်း၊ လယ်ယာမြေဆုံးရှုံးမှုအိမ်နေရာအရွှေ့အပြောင်းများမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

**(ဃ) ကျန်းမာရေးနှင့်အာဟာရ**

ပုဗ္ဗန်ချောင်းကျေးရွာတွင် သာမန်ရာသီဖျားရောဂါများမှလွဲပြီး အခြားရောဂါဘယဖြစ်ပွားမှုနည်းပါးကြောင်း၊ ရာသီချိန်များတွင်ဖြစ်တတ်သည့်ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ်ကွေးစသည့်ရောဂါဖြစ်ပွားမှု အနည်းအကျဉ်းရှိသော်လည်းပျံ့နှံ့ကူးစက်မှုအန္တရာယ်မရှိကြောင်း၊ ကျေးရွာနှင့်(၁)မိုင်ခန့်တွင် လက်ဆွဲချောင်းကျန်းမာရေးဌာနရှိခြင်း၊ ကျေးရွာနှင့်(၃)မိုင်အကွာ စံကင်းတိုက်နယ်ဆေးရုံတို့ ရှိသော်လည်း ရေမြုပ်ကွင်းကျေးရွာဖြစ်သောကြောင့် ကျေးရွာအတွင်းတွင် ကျေးလက်ဆေးပေးခန်းရှိပါက ပို၍ အဆင်ပြေမည်ဖြစ်ပါကြောင်း လေ့လာတွေ့ရှိရ ပါသည်။

ပုဗ္ဗန်ချောင်းကျေးရွာတွင် လွန်ခဲ့သော(၁၂)လအတွင်း၌ မေးခိုင်ကာကွယ်ဆေးထိုးနှံခြင်းများနှင့် အခြား စုပေါင်းကာကွယ်ဆေးအနေဖြင့် ဝက်သက်ရောဂါကာကွယ်ဆေး၊ ကိုဗစ်ရောဂါကာကွယ်ဆေး၊ အာဟာရမှတ်တမ်းယူမှု အစီအစဉ်များ ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ပုဗ္ဗန်ချောင်းကျေးရွာတွင် စာမတတ်သူဦးရေမရှိကြောင်း၊ မူလတန်းအဆင့်ရှိသူဦးရေကျား (၈၀)ဦး၊ မ(၈၃)ဦး၊ စုစုပေါင်း (၁၆၃)ဦးရှိကြောင်း၊ အလယ်တန်းအဆင့်ရှိသူဦးရေ ကျား(၄၀)ဦး၊ မ(၃၅)ဦး၊ စုစုပေါင်း(၇၅)ဦးရှိကြောင်း၊ အထက်တန်း အဆင့်ရှိသူဦးရေကျား(၁၇)ဦး၊ မ(၁၇)ဦး၊ စုစုပေါင်း (၃၄)ဦးရှိကြောင်း၊ တက္ကသိုလ်/ကောလိပ်အဆင့် ရှိသူဦးရေကျား(၁၄)ဦး၊ မ(၁၂)ဦး၊ စုစုပေါင်း(၂၆)ဦး ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ပုဗ္ဗန်ချောင်းကျေးရွာ၌ လက်ရှိကျောင်းတက်နှုန်းအဆင့်မှာ မူလတန်းအဆင့်ကျား(၁၇)ဦး၊ မ (၁၆)ဦး၊ စုစုပေါင်း(၃၃)ဦးရှိကြောင်း၊ အလယ်တန်းအဆင့်ကျား(၅)ဦး၊မ(၆)ဦး၊ စုစုပေါင်း (၁၁)ဦး ရှိကြောင်း၊ အထက်တန်းအဆင့် ကျား(၁)ဦးမ(၃)ဦးစုစုပေါင်း(၄)ဦးရှိကြောင်း ၊တက္ကသိုလ်/ ကောလိပ် အဆင့် ကျား(-)ဦး၊မ(၁)ဦး၊စုစုပေါင်း(၁)ဦး တို့ဖြစ်ကြောင်း လေ့လာ တွေ့ရှိရပါသည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

ပုဗ္ဗန်ချောင်းကျေးရွာရှိ ကျား၊မရေးရာအခန်းကဏ္ဍပါဝင်နှင့်ပတ်သက်၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်အဖွဲ့အစည်းများတွင် အမျိုးသမီးများတက်ကြွစွာပါဝင်ဆောင်ရွက်သော်လည်း အခန်း ကဏ္ဍနည်းပါးနေသေးကြောင်း၊ ဦးဆောင်မှုနည်းပါးနေသေးကြောင်း၊ ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာပါဝင်မှု/ခေါင်းဆောင်မှုအခြေအနေမျိုး မရှိကြောင်း၊ လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု(သို့)တိုင်ကြားမှုများမရှိခဲ့ကြောင်း၊ အမျိုးသမီးရေးရာအကြမ်းဖက်မှုများအတွက် ဥပဒေနှင့်တရားမျှတ မှုဆိုင်ရာများအတွက် ကျေးရွာသူကျေးရွာသားများ ထိုက်သင့်သလောက် အသိမြင်ရှိပါကြောင်းလေ့လာတွေ့ရှိရပါသည်။

ပုဗ္ဗန်ချောင်းကျေးရွာသည် လယ်လုပ်ငန်းတစ်မျိုးတည်း အဓိကလုပ်ကိုင်သော ကျေးရွာ ဖြစ်သဖြင့် လယ်လုပ်ငန်းများတွင်ရာသီအလိုက် နေ့စားလုပ်ကိုင်ကြသည့် ယောကျ်ားလေးများ၏ လုပ်အားခနှုန်းထားအများဆုံးမှာ(၁၅၀၀၀)ကျပ်၊ အနည်းဆုံးမှ (၁၂၀၀၀)ကျပ်၊ မိန်းကလေးများ၏ လုပ်အားခနှုန်းထားအများဆုံးမှာ (၁၂၀၀၀)ကျပ်၊ အနည်းဆုံးမှာ (၁၀၀၀၀)ကျပ်ဖြစ်ကြောင်းလေ့လာတွေ့ရှိရပါသည်။

## ၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ပုဇွန်ချောင်းကျေးရွာသူကျေးရွာသားများသည် ပိုးကရင်လူမျိုးများဖြစ်ကြပြီး ဘာသာရေး လုပ်ငန်းများ ကိုစိတ်အား ထက်သန်စွာဆောင်ရွက်ကြပါသည်။ လူငယ်၊ လူကြီးပူးပေါင်းဆောင်ရွက် တတ်သည့် အလေ့အကျင့်ကောင်းရှိပါသည်။

**ပုဇွန်ချောင်း**ကျေးရွာတွင် ဖွဲ့စည်းထားသော ကျေးရွာတွင်းအဖွဲ့အစည်းများမှာ အဖွဲ့ဝင် (၁၂)ဦးဖြင့် ဖွဲ့စည်းထားသော ဝတ်ရွတ်အဖွဲ့၊ အဖွဲ့ဝင်(၈)ဦးဖြင့်ဖွဲ့စည်းထားသော ကျေးရွာအုပ်ချုပ်ရေး အဖွဲ့၊ အဖွဲ့ဝင်(၅)ဦးဖြင့် ဖွဲ့စည်းထားသော ဘုရားဂေါပကအဖွဲ့၊ အဖွဲ့ဝင်(၉)ဦးဖြင့် ဖွဲ့စည်ထားသော ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့(VDP)၊ အဖွဲ့ဝင်(၉)ဦးဖြင့် ဖွဲ့စည်းထားသေ မီးလင်းရေးအဖွဲ့တို့ဖြစ်ကြပြီး ၎င်းအဖွဲ့အစည်းများသည် ကျေးရွာအတွင်းရှိ သာရေး၊နာရေး ကိစ္စများတွင် စိတ်အားတက်ကြွစွာဖြင့် ပူးပေါင်းဆောင်ရွက်ကြောင်း လေ့လာတွေ့ရှိရပါသည်။

### (ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

ပုဇွန်ချောင်းကျေးရွာသည် လယ်စိုက်ပျိုးရေးကိုအဓိကထားလုပ်ဆောင်သော ကျေးရွာ ဖြစ်ပါသည်။ လယ်မြေတွင် စပါးနှင့်ပဲကို အဓိကစိုက်ပျိုးကြပါသည်။ စပါးစိုက်ကေ(၂၀၂)ကေရှိပြီး စပါး(၁)ကေလျှင် ပျမ်းမျှ(၈၀)တင်းထွက်ရှိကြောင်း၊ ပဲစိုက်ကေ (၂၀၂)ကေရှိပြီး ပဲ(၁)ကေလျှင် ပျမ်းမျှ (၁၅)တင်း ထွက်ရှိ ကြောင်း လေ့လာတွေ့ရှိရပါသည်။

ပုဇွန်ချောင်းကျေးရွာ၏သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းကောင်းများမှာ လယ် စိုက်ပျိုးရေးကိုအဓိကထားလုပ်ကိုင်သော ဒေသဖြစ်သဖြင့် လယ်မြေကို ကောင်းစွာအသုံးချကြခြင်း၊ စိုက်ပျိုးရေးအတွက်လိုအပ်သောဓါတုပိုးသတ်ဆေး၊ဓါတ်မြေဩဇာနှင့်အခြား ဓါတုဗေဒ သွင်းအားစုများ ဝယ်ယူရရှိနိုင်ခြင်း၊ အလုပ်သမားရနိုင်ခြင်း၊ စိုက်ပျိုးရေးသုံးချေးငွေတို့ရရှိနိုင်ခြင်း၊ စိုက်ပျိုးရေးအတွက် လိုအပ်သောသွင်းအားစုရေကို မိုးရေဖြင့်လုံလောက်ခြင်း၊ လယ်မြေများမှာ မြေဆီလွှာ သင့်တင့်ကောင်း မွန်ပါသည်။

ပုဇွန်ချောင်းကျေးရွာတွင် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်မှုမှာ နွားအကောင်ရေစုစုပေါင်း (၃)ကောင်၊ နွားမွေးမြူသောအိမ်ထောင်စု(၂)အိမ်ရှိကြောင်း၊ အခြားမွေးမြူရေးလုပ်ငန်းမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

### (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ပုဇွန်ချောင်းကျေးရွာတွင် လယ်စိုက်ပျိုးရေးကို အများဆုံးလုပ်ကိုင်ကြပြီး မိသားစု အပိုဝင် ငွေရရှိရေး ရာသီအလိုက်လယ်ယာလုပ်ငန်းခွင်တွင် ကျပန်းအလုပ်လုပ်ကိုင်ခြင်း၊ ကွမ်းစိုက်ပျိုးခြင်း တို့ဖြင့် အဓိကအသက်မွေးကြပါသည်။ လယ်လုပ်ငန်း အဓိကလုပ်ကိုင်သူ(၅၃)%၊ လယ်လုပ်ငန်းများတွင် ရာသီအလိုက်နေ့စားအလုပ် လုပ်ကိုင်သူ (၄၇)%ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

**(ဃ)သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

ပုဇွန်ချောင်းကျေးရွာ၏ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းမြစ်များ စီမံခန့်ခွဲမှုစနစ်၌ လယ်ယာစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်သောကျေးရွာဖြစ်သဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတို့မှ ထွက် ရှိသော အမှိုက်များအားမြေစာအဖြစ်ပြန်လည်သုံးစွဲခြင်းများ ပြုလုပ်လေ့ရှိကြောင်း၊ နေအိမ်များမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများအားတစ်ဦးချင်း တစ်ယောက်ချင်းစနစ်တကျစွန့်ပစ်ကြခြင်းများ ပြုလုပ်ကြသော်လည်း ကျေးရွာအဆင့်သီးသန့်နေရာစီမံထားခြင်းမျိုးမရှိကြောင်း၊ စွန့်ပစ်ပစ္စည်းများ ကြောင့် ဆိုးကျိုးဖြစ်ပွားမှု အန္တရာယ်မရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ ယခုနှစ်အခါ၌ လယ်ယာ စိုက်ခင်းများတွင် ဖျက်ပိုးကျရောက်မှုဆိုးရွားကြောင်း၊ ဖျက်ပိုးကျရောက်မှုကို ကာကွယ်ရန် သဘာဝ မြေသြဇာ သုံးစွဲမှုနည်းပါးပြီး အလွယ်တကူအသုံးပြုနိုင်သောပိုးသတ်ဆေးများကိုသာ အသုံးပြုလေ့ ရှိကြောင်း၊ စိုက်ပျိုးရေး မျိုးကောင်း မျိုးသန့်များရရှိရေးလိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(င)	ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ပုဇွန်ချောင်းကျေးရွာတွင် ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုရရှိမှုမှာ လယ်သမားများမှာ မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးရေး ချေးငွေ(အတိုးနှုန်းပြား၈၁)ဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း အတွက် ချေးယူသုံးစွဲကြကြောင်း၊ အခြားမည်သည့်ချေးငွေမျှမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

နီးစပ်ရာဆွေမျိုးများဆီမှ ချေးယူသူများရှိပြီး ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေး ဆိုင်ရာကိစ္စရပ်များအတွက်ချေးယူကြကြောင်းတွေ့ရှိရပါသည်။ဆင်းရဲ၊ အလွန်ဆင်းရဲအိမ်ထောင်စုများ ၏အကြွေးတင်ရှိမှုကို လေ့လာဆန်းစစ်ချက်အရ အကြွေးတင်ရှိမှုနည်းပါးကြောင်း တွေ့ရ သည်။

**(စ)	ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ပုဇွန်ချောင်းကျေးရွာသည် ရောဝတီမြစ်အနီးတွင်တည်ရှိသောကြောင့် သောက်သုံးရေ လုံလောက် မှုရှိသည်ကို တွေ့ရှိရပါသည်။ အဝီစိတွင်းများ၊ တုံကင်တွင်းများနှင့် မြစ်ရေတို့ကို အဓိက သောက်သုံးရေအဖြစ် အသုံးပြုကြကြောင်း၊ ကျေးရွာတွင် သန့်ရှင်းသောရေလောင်း/ယင်လုံအိမ်သာ သုံးစွဲသူ(၇၈)အိမ် မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဆ)လူငယ်နှင့်ယဉ်ကျေးမှု**

ပုဇွန်ချောင်းကျေးရွာတွင်းရှိ လူငယ်များသည်သာရေး၊နာရေးနှင့်ဘာသာရေးဆိုင်ရာ ကိစ္စရပ်များ တွင် တက်တက်ကြွကြွဆောင်ရွက်ကြသည်။ ကျေးရွာတွင်းတွင် နေထိုင်သောသူများမှာ ပိုးကရင်လူမျိုး၊ ဗုဒ္ဓဘာသာဝင်များ ဖြစ်သောကြောင့် ဘုရားပွဲ၊ကထိန်ပွဲများ ကျင်းပဆောင်ရွက်ကြကြောင်း လေ့လာတွေ့ ရှိရပါ သည်။

## (ဓ) အခြေခံအဆောက်အဦး – လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး

ပုဇွန်ချောင်းကျေးရွာတွင် လမ်းတည်ရှိမှုအခြေအနေမှာ ကျေးရွာတွင်းလမ်းများအားလုံးနီးပါး သည် ကွန်ကရစ်လမ်းများဖြစ်ပါသည်။ ကျေးရွာမှ ငွေကြေးအင်အား မပြည့်စုံသေးသဖြင့် မခင်း နိုင်သေးသော မြေသားလမ်း(အလျား ၄၀၀၀ပေ၊ အကျယ်၆ ပေ၊ ထု ၆ လက်မ)ရှိပြီး မိုးတွင်းကာလ များတွင် သွားလာမှုတစ်ခါတစ်ရံခက်ခဲသည်ကို တွေ့ရှိရပါသည်။

ပုဇွန်ချောင်းကျေးရွာတွင် ချောင်းကူးတံတား(၂)စင်းရှိပါကြောင်း၊ ကွန်ကရစ်တံတားအတိုလေးဖြစ်၍ အရည်အသွေးမှာ သင့်တင့်၍ သွားလာ၍ရပါကြောင်း လေ့လာ တွေ့ရှိရပါသည်။

ပုဇွန်ချောင်းကျေးရွာ သည် လက်ရှိတွင် လျှပ်စစ်မီးအသုံးပြုသူ အိမ်ထောင်စု မရှိကြောင်း၊ ဆိုလာ အသုံးပြုသူအိမ်ထောင်စု(၆၃)အိမ်၊ (၈၁)%၊ ကျန်(၁၉)%မှာ ဒီဇယ်အင်ဂျင်အသုံးပြုကြကြောင်း လေ့လာတွေ့ရှိရပါသည်။

ပုဇွန်ချောင်းကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များရရှိရေး အတွက်ဖုန်း (၆၉)လုံး၊ ရေဒီယို(၁)လုံး၊ တီဗွီ(၃၀)၊ ဂြိုလ်တုစလောင်း(၃၀)လုံး၊ mpt၊ telenol၊ooredoo၊mytel ဆက်သွယ်ရေးလိုင်းအားလုံးဖြင့်ဆက်သွယ် အသုံးပြုနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ပုဇွန်ချောင်းကျေးရွာသည် စားသောက်ကုန် (ကုန်စိမ်း၊ကုန်ခြောက်)၊ မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်း၊ အဝတ်အထည်၊ဆောက်လုပ်ရေးပစ္စည်းများ၊ ပရိဘောဂများ စသည့်ပစ္စည်းစုံဝန်ဆောင် မှုများအတွက် ဓနုဖြူမြို့သို့ ဆိုင်ကယ်၊ စက်လှေတို့ဖြင့်ဆက်သွယ်သွားလာကြကြောင်း၊ စံကင်း ကျေးရွာတွင် သားငါး ကုန်စိမ်းပစ္စည်းများ ဝယ်ယူကြပါကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ပုဇွန်ချောင်းကျေးရွာတွင် လူကုန်ကူးမှု၊အကြမ်းဖက်မှုများလုံးဝမရှိပါ။ မူးယစ်ဆေးသုံးစွဲမှုနှင့် ပတ်သက်၍အရက်သေစာသောက်စားခြင်းအနည်းငယ်မျှသာရှိပါသည်။ခိုးဆိုးလုယက်မှုများမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ပုဇွန်ချောင်းကျေးရွာသည် ဆက်သွယ်ရေးနှင့်ပတ်သက်၍ MPT,Telenor,Ooredoo ကဲ့သို့သော ဖုန်းလိုင်းများမိသောကြောင့်အလွယ်တကူဆက်သွယ်နိုင်ပြီး ကျေးရွာသူ/ ကျေးရွာသားများမှာဖုန်းဖြင့် Internetပင် အသုံးပြုနေကြပါသည်။ လုံခြုံရေးဆိုင်ရာကိစ္စရပ်များအတွက်လည်း အလွယ်တကူ အကြောင်းကြားကာအကူအညီရယူနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## ၅။ဖွံ့ဖြိုးရေးအတွက်အထောက်ပံ့ဖြစ်စေမည့်အခြေနေကောင်းများ၊အဟန့်အတားနှင့်စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေးအတွက်အထောက်ပံ့ဖြစ်စေမည့်အခြေနေများ

ပုဇွန်ချောင်းကျေးရွာ၏ ရွာဦးတွင် ဘုန်းတော်ကြီးကျောင်းရှိပြီး ဆရာတော်ဘုရား၏ ဆုံးမဩဝါဒအတိုင်း လိုက်နာနေထိုင်ကြပါသည်။ ကျေးရွာသူကျေးရွာသားများသည် သာရေး၊ နာရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး ရပ်ရေးရွာရေးကိစ္စရပ်များတွင် လူငယ်၊ လူကြီး၊ ကျား၊ မ စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရှိပါသည်။

ပုဇွန်ချောင်းကျေးရွာတွင် ဝတ်ရွတ်အဖွဲ့၊ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ဘုရားဂေါပကအဖွဲ့၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး VDP ကော်မတီအဖွဲ့၊ မီးလင်းရေးကော်မတီအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ ပရဟိတလူငယ်အဖွဲ့၊ လူထုဗဟိုပြုစီမံကိန်းအဖွဲ့၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ဟူ၍ အဖွဲ့အစည်းများဖွဲ့စည်းထားရှိပြီး အဖွဲ့အစည်းဖြင့် ပူးပေါင်းဆောင်ရွက်မှုအားကောင်းကြောင်း လေ့လာတွေ့ရှိရပါသည်။

### (ခ) အဟန့်အတားနှင့်စိန်ခေါ်မှု

ပုဇွန်ချောင်းကျေးရွာသည် လျှပ်စစ်မီးလင်းရေးမရရှိသေးသည့်အတွက် ကျေးရွာ၏ ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေကြောင်း တွေ့ရှိရပါသည်။ ပုဇွန်ချောင်းကျေးရွာသည် ရေလွှမ်းဒေသဖြစ်သောကြောင့် မိုးတွင်းအခါ ကျန်းမာရေးနှင့်ပတ်သက်သည့် အရေးပေါ်ကိစ္စရပ်များအတွက် ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိခြင်းကြောင့် အခက်အခဲရှိကြောင်း တွေ့ရှိရပါသည်။

ပုဇွန်ချောင်းကျေးရွာသည် အဝီစိတွင်းရေတို့ကို သောက်သုံးရေအဖြစ်အသုံးပြုနေရာ ရေအရည်အသွေးစမ်းသပ်စစ်ဆေးထားခြင်းမရှိသည့်အတွက် ကျန်းမာရေးနှင့်ညီညွတ်သည့် စက်ရေတွင်း တူးဖော်လိုကြောင်းလေ့လာတွေ့ရှိရပါသည်။

ပုဇွန်ချောင်းကျေးရွာရှိ ပုဇွန်ချောင်း ချောင်းသည် ရေစီးရေလာမကောင်းတော့သဖြင့် စပါးခင်းများလည်း ပျက်စီးပါသည်။ ထို့ကြောင့် ချောင်းအား ပြန်လည်တူးဖော်မှသာ အဆင်ပြေမည်ဖြစ်ပါသည်။

## ၆။ပန်းတိုင်နှင့်မဟာဗျူဟာ

**(က)ဖွံ့ဖြိုးရေးပန်းတိုင်**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလအတွက်ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုအောက်ပါအတိုင်းချမှတ်ထားပါသည်-

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် လျှပ်စစ်မီးလင်းရေးလုပ်ငန်း (၄၀၀ဗို့ ဓါတ်အားလိုင်း ၁၂၆၀ ပေ) အား ပြုလုပ်ဆောင်ရွက်နိုင်ရမည်။

က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် ရွာတွင်းလမ်း (၄၀၀’x၆’x၆”)အား ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရမည်။

က.၃) ကျွန်ုပ်တို့ကျေးရွာလူထုသည် စက်ရေတွင်း တူးဖော်နိုင်ရမည်။

က.၄) ကျွန်ုပ်တို့ကျေးရွာလူထုသည် ချောင်းပြန်လည်တူးဖော်ရေးအား ဆောင်ရွက်နိုင်ရမည်။

က.၅) ကျွန်ုပ်တို့ကျေးရွာလူထုသည် စာကြည့်တိုက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရမည်။

က.၆) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးလက်ဆေးပေးခန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည်အထက်တွင်ဖော်ပြထားသောကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကိုဆောင်ရွက်သွားကြမည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာကာလအတွက်ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုအောက်ပါအတိုင်းချမှတ်ထားပါသည်-

ခ.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် လျှပ်စစ်မီးလင်းရေးလုပ်ငန်း (၄၀၀ဗို့ ဓါတ်အားလိုင်း ၁၂၆၀ ပေ) အား ပြုလုပ်ဆောင်ရွက်နိုင်ရေး လျှပ်စစ်ဦးစီးဌာနအား တင်ပြသွားမည်။

ခ.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် ရွာတွင်းလမ်း (၄၀၀'x၆'x၆")အား ကွန်ကရစ်လမ်းအဆင့်မြှင့်တင်နိုင်ရေး ကျေးလက်ဦးစီးဌာနအား တင်ပြသွားမည်။

ခ.၃) ကျွန်ုပ်တို့ကျေးရွာလူထုသည် စက်ရေတွင်း တူးဖော်နိုင်ရေး ကျေးလက်ဦးစီးဌာနအား တင်ပြသွားမည်။

ခ.၄) ကျွန်ုပ်တို့ကျေးရွာလူထုသည် ချောင်းပြန်လည်တူးဖော်ရေးအား ဆောင်ရွက်နိုင်ရေး ဆည်မြောင်းနှင့် ရေအသုံးချမှုဦးစီးဌာနအား တင်ပြသွားမည်။

ခ.၅) ကျွန်ုပ်တို့ကျေးရွာလူထုသည် စာကြည့်တိုက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအား တင်ပြသွားမည်။

ခ.၆) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးလက်ဆေးပေးခန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကျန်းမာရေးဦးစီးဌာနအား တင်ပြသွားမည်။

**၇။ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များများနှင့်ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသောချိတ်ဆက်မှုများ**

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကိုရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာ အကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့်နိုင်ငံတော်အဆင့်မှသည်ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့်ကျွန်ုပ်တို့ကျေးရွာအဆင့်ထိပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့်အဖွဲ့အစည်းများကိုရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

## (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာ အထောက်အပံ့များပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။အနာဂါတ်တွင်လည်းရေရှည်တည်တံ့မည့် အထောက်အပံ့များ ကိုနိုင်ငံတော် အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ကျွန်တော်တို့ကျေးရွာသားများ ကိုယ်တိုင်အားထုတ်လုပ်ကိုင် ရရှိခဲ့မှု များကိုပြန်လည်စိစစ်ခြင်း၊နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ် ကာလအတိုင်းပုံမှန်စိစစ်သွားနိုင်ပါမည်။အရေးကြီးသည့်အချက်မှာဦးစားပေးစီမံချက်များ နှင့်ဘတ်ဂျတ်ပမာဏပါဝင်သည့်နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

## (ခ) လျှပ်စစ်မီးလင်းရေးလုပ်ငန်း

ပုဇွန်ချောင်းကျေးရွာရှိ ကျေးရွာသူကျေးရွာသားများအနေဖြင့် လျှပ်စစ်မီးလင်းရေးသည် ရွာသူ ရွာသားများ၏ အဓိကဦးစားပေးလုပ်ငန်းဖြစ်ပါသည်။ ထို့ကြောင့် တစ်ရွာလုံးအတိုင်းအတာနှင့် လျှပ်စစ် မီးလင်းရေး ရရှိရေး ကျေးလက်ဦးစီးဌာန၊ လျှပ်စစ်ဦးစီးဌာနတို့အား တင်ပြ၍ ကျေးရွာမှ ထည့်ဝင်ငွေ များဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်။

## (ဂ) ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း

ပုဇွန်ချောင်းကျေးရွာတွင် ငွေကြေးအင်အားမနိုင်၍ မခင်းနိုင်သေးသော ကွန်ကရစ်လမ်းပိုင်း ရှိပါသည်။ ထို့ကြောင့် သွားလာရ ပို၍အဆင်ပြေရန် ကွန်ကရစ်လမ်းခင်းနိုင်ရေး ကျေးလက်ဦးစီးဌာန အား တင်ပြ၍ ကျေးရွာမှ ထည့်ဝင်ငွေများဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်။

## (ဃ) စက်ရေတွင်းတူးဖော်ခြင်း

ပုဇွန်ချောင်းကျေးရွာသည် အဝီစိတွင်းရေကိုသာ အဓိကထား သောက်သုံးနေရပြီး ရေအရည် အသွေးစမ်းသပ်စစ်ဆေးထားခြင်းမရှိသည့်အတွက် ကျန်းမာသန့်ရှင်းသောသောက်သုံးရေ ရရှိရေး အတွက် ကျေးလက်ဦးစီးဌာနအား တင်ပြ၍ ကျေးရွာမှ ထည့်ဝင်ငွေများဖြင့် ပူးပေါင်းဆောင်ရွက် သွားမည်။

## (င) ချောင်းပြန်လည်တူးဖော်ရေးလုပ်ငန်း

ပုဇွန်ချောင်းကျေးရွာရှိ ပုဇွန်ချောင်း ချောင်းသည် ရေစီးရေလာမကောင်းတော့သဖြင့် စပါးခင်း များလည်း ပျက်စီးဆုံးရှုံးမှုများရှိနေရာ ချောင်းပြန်လည်တူးဖော်ရေးအား ဆောင်ရွက်ရန် ဆည်မြောင်း နှင့်ရေအသုံးချမှုဦးစီးဌာနအား တင်ပြ၍ ဝိုင်းဝန်းဆောင်ရွက်သွားမည်။

## (စ) စာကြည့်တိုက်တည်ဆောက်ခြင်း

ပုဇွန်ချောင်းကျေးရွာသည် ကျေးရွာသူကျေးရွာသားများ စာပေဗဟုသုတ တိုးပွားစေရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအား တင်ပြ၍ ကျေးရွာမှ ပူးပေါင်းဆောင်ရွက်သွားမည်။

**(ဆ) ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း**

ပုဇွန်ချောင်းကျေးရွာသည် ရေလွှမ်းဒေသ ဖြစ်သောကြောင့် မိုးတွင်းအခါ ကျန်းမာရေးနှင့် ပတ်သက်သည့် အရေးပေါ်ကိစ္စရပ်များအတွက် ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိခြင်းကြောင့် ကျန်းမာရေးဦးစီးဌာနအား တင်ပြ၍ ကျေးရွာမှ ပူးပေါင်းဆောင်ရွက်သွားမည်။

**၈။ စီမံကိန်း၊စီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ**

စီမံချက်များသည်အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့်ဖော်ထုတ်ထားချက်များဖြစ်သည်။ထို့ကြောင့်စီမံချက်များသည်ငါးနှစ်တာစီမံချက်ကာလအတွင်းချမှတ်ထားသောပန်းတိုင်များကိုရောက်ရှိရန်ပါဝင်ပေးမည့်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာအဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုကငါးနှစ်တာစီမခံချက်ကာလအတွက်ပြင်ဆင်ပြုစုကြသည့် ကာလကဖော်ထုတ်၊ဦးစားပေးတန်းစီခဲ့ကြသည့်စီမံချက်များသည်မည်သို့မျှပြည့်စုံမှုမရှိနိုင်ပါ။ဤသည်မှာကျေးရွာလူထုသည် နှစ်နှစ်၊သုံးနှစ်တာကာလစီမံချက်များအတွက်မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်းငါးနှစ်တာကာလတစ်လျှောက်လုံးတွင်နောက်ထပ်ဆောင်ရွက်မည့်ဦးစားပေးလုပ်ငန်းများကိုလည်းဖော်ထုတ်သွားကြပါမည်။သို့ပါသောကြောင့်ရေးဆွဲထားသည့်ငါးနှစ်တာစီမံချက်သည်ပြင်းထန်သောသဘာဝဘေးအန္တ ရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါကအနည်းနှင့်အများဆိုသလိုပြောင်းလဲမှုမရှိနိုင်ပဲနောက်ထပ်တိုးလာမည့်လုပ်ငန်းစီမံချက်များသာပါဝင်လာနိုင်ပါမည်။ထို့ကြောင့်ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံ ချက်၏ဗျူဟာမြောက်မူဘောင်အတွင်းနှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုဆောင်ရွက်သွားကြပါ မည်။

**(ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍စီမံချက်ကိုအုပ်စုခွဲခြားခြင်း**

စီမံကိန်း၊စီမံချက်များကိုစီမံချက်ဆိုင်ရာအချက်အလက်များကိုစီစစ်စိတ်ဖြာနိုင်ရန်လုပ်ငန်းရပ်ဆိုင်ရာနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံပြီးအုပ်စုခွဲသည်။လုပ်ငန်းကဏ္ဍကိုအခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functionalclassification)ဖြင့်ဝန်ကြီးဌာနများ၊ဦးစီးဌာနများအတွက်သက်ဆိုင်ရာ လုပ်ငန်း များ အလိုက်ဆောင်ရွက်ဘွယ်ရာများကိုသိရှိနားလည်စေနိုင်သည်။ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အကုပ်စုသတ်မှတ်ခြင်း (Economic classification)သည်စီမံချက်ကိုအကဲဖြတ်ရာတွင် စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့်အကျိုးသက်ရောက်မှုဆိုင်ရာငွေလုံးငွေရင်း အသုံးစရိတ်၊ စွမ်းဆောင် ရည်မြှင့်တင်ရေး၊လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကိုခွဲခြားသိရှိစေရန်အထောက်အကူပြုသည်။လုပ်ငန်းကဏ္ဍကို အခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများကယင်းတို့၏လုပ်ငန်းတာဝန်များအလိုက်ဖော်ထုတ်ထားသောလုပ်ငန်းကဏ္ဍ အပိုင်းအခြားများကိုသိရှိစေနိုင်သည်။

ရင်းနှီးမြှပ်နှံမှုအမျိုးအစားကိုအခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Economic classification)တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာအထောက်အပံ့တို့ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက်ဦးစားပေးအစီအစဉ်များကိုဇယားဖြင့်ဖော်ပြထားပါသည်။ကျေးရွာလူထုသည်နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့်ရွာလုံးကျွတ်အစည်းအဝေးတွင်စီမံချက်များဦးစားပေးအစီအစဉ်ကိုဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကိုရေးဆွဲရာတွင်မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှနည်းပညာအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင်သဘောတူသတ်မှတ်ထားသောဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(၁) လျှပ်စစ်မီးလင်းရေးလုပ်ငန်း(၄၀၀ဗို့ခါတ်အားလိုင်း ၁၂၆၀ ပေ)

(၂) ကျေးရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းခြင်း(၅၂၈၀’x၆’x၆”)

(၃) စက်ရေတွင်းတူးဖော်ခြင်း

(၄) ချောင်းပြန်လည်တူးဖော်ရေး

(၅) စာကြည့်တိုက်တည်ဆောက်ခြင်း

(၆) ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း

## (ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

အောက်ပါဇယားတွင်လုပ်ငန်းစတင်ရန်၊ပြီးဆုံးရန်ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏အချိန်ဇယားကိုဖော်ပြထားပါသည်။ဤအစီအစဉ်ကိုနှစ်အလိုက်လိုအပ်သလိုဖြည့်စွက်ပြင်ဆင်ပြီးနှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင်လည်းထည့်သွင်းပေးမည်။

| စဉ် | စီမံချက် | အဆင့် | ၂၀၂၅ | ၂၀၂၆ | ၂၀၂၇ | ၂၀၂၈ | ၂၀၂၉ |
|---|---|---|---|---|---|---|---|
| ၁။ | လျှပ်စစ်မီးလင်းရေးလုပ်ငန်း(၄၀၀ဗို့ခါတ် အားလိုင်း ၁၂၆၀ ပေ) | ၁ | ✔ | | | | |
| ၂။ | ကျေးရွာတွင်းလမ်းကွန်ကရစ်လမ်း ခင်းခြင်း (၄၀၀'x၆'x၆") | ၂ | | ✔ | | | |
| ၃။ | စက်ရေတွင်းတူးဖော်ခြင်း (၄.၅" Ø ၄၀၀') | ၃ | | | ✔ | | |
| ၄။ | ချောင်းပြန်လည်တူးဖော်ရေး | ၄ | | | | ✔ | |
| ၅။ | စာကြည့်တိုက်တည်ဆောက်ခြင်း | ၅ | | | | | ✔ |
| ၆။ | ကျေးလက်ဆေးပေးခန်း တည်ဆောက်ခြင်း (၄၀'x၃၀') | ၆ | | | | ✔ | ✔ |

## ၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင်ဖော်ပြထားသောစီမံချက်အလိုက်ဘတ်ဂျက်ပမာဏများသည်ရည်ညွှန်းနမူနာ(indicative)အဖြစ်ကိုးကားရန်ပမာဏသာဖြစ်ပါသည်။အမှန်တကယ်လိုအပ်သောဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန်အသေးစိတ်ဆက်လက်၍ဆောင်ရွက်ရမည်ဖြစ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည်တချို့စီမံချက်များကိုရေးဆွဲရာတွင်မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့်ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှဘတ်ဂျက်အပါအဝင်စီမံချက်ပြုစုရေးဆွဲရေးအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ဖော်ပြထားသောရည်ညွှန်းဘတ်ဂျက်ပမာဏတွင်ကျေးရွာလူထု၏ငွေသားမဟုတ်သောထည့်ဝင်မှုများကိုထည့်သွင်းဖော်ပြထားခြင်းမရှိပါ။(ငွေသားမဟုတ်သောထည့်ဝင်မှု၊ဥပမာလုပ်အား၊သဲ၊ကျောက်၊ပစ္စည်းကိရိယာ၊အချိန်စသည်)

**စီမံချက်ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁။ | လျှပ်စစ်မီးလင်းရေးလုပ်ငန်း(၄၀၀ဗို့ဓါတ်အားလိုင်း ၁၂၆၀ ပေ) | | | ✔ | | |
| ၂။ | ကျေးရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းခြင်း (၄၀၀'x၆'x၆") | | | ✔ | | |
| ၃။ | စက်ရေတွင်းတူးဖော်ခြင်း (၄.၅" Ø ၄၀၀') | | | ✔ | | |
| ၄။ | ချောင်းပြန်လည်တူးဖော်ရေး | | | ✔ | | |
| ၅။ | စာကြည့်တိုက်တည်ဆောက်ခြင်း | | | ✔ | | |
| ၆။ | ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း | | | ✔ | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုကဦးဆောင် အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့်ရည်မှန်းချက်များသို့ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

### (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှ ာကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအားတာဝန်များခွဲဝေအပ်နှင်း၍သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ပညာရေးအရည် အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူဆောင်ရွက်စေ၍လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကိုတာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင်ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြားသောဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကို လည်းရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ဥပမာ-မိဘဆရာအသင်းသည်မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန်မြို့ နယ်ပညာရေးဌာနနှင့်ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန်မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့်တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

### (၁၀-၃) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင်တင်ဒါခေါ်ယူဆောင်ရွက်ရမည့်ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက်အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ပါဝင်မှုမှာအမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ကြီးကြပ်ရေးစသည့်လုပ်ငန်းများအတွက်ကန်ထရိုက်များ
- စိုက်ပျိုးရေး၊မွေးမြူရေးစသည့်သင်တန်းများအတွက်နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ပုဂ္ဂလိကအဖွဲ့အစည်များ၊လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင်ဖေါ်ပြထား သောသတ်သတ်မှတ်မှတ်ကိစ္စများကိုသာကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံးလွှမ်းခြုံကြီး ကြပ်ရန်တာဝန်မှာကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏တာဝန်သာဖြစ်ပါသည်။

အချို့ကိစ္စများတွင်ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင်ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်တာဝန်ပေးထားသော ကော်မတီကိုဦးဆောင်၍မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ပါမည်။

## ၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့်ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့်လုပ်ငန်းတစ်ခုချင်းစီအတွက်ရေရှည်တည်တံ့ရေး အစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့်တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှအသုံးပြုခ ကောက်ခံခြင်း၊စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကိုဆောင်ရွက်မည်။ ထို့အပြင်တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့်ပစ္စည်းများ၏ ပမာဏကိုကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက်လုပ်ငန်းအလိုက်သက်ဆိုင်ရာကော်မတီ၊အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ကျောင်းပြုပြင်ရေးအတွက် ကျောင်းကော်မတီတို့ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကောင်အထည်ဖော်ရာတွင်တိုးတက်မှုအခြေအနေများအားစနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ကြီးကြပ် စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကိုရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့်ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့်လုပ်ငန်းကိုပြီးမြောက်အောင်ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက်ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင်ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများတက်ကြွစွာအတူပူးပေါင်းဆောင်ရွက်ရန်ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန်သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

### (၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့်ကျွန်ုပ်တို့သည်ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (physical progress)နှင့်ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ် တကျကြီးကြပ်စစ်ဆေးပါမည်။၎င်းစစ်ဆေးခြင်းကို (၃)လပတ်အစီအစဉ်ဖြင့်ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏စီစဉ်မှုဖြင့်သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက်တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ကော်မတီအသီးသီးတို့ကမိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည်မိမိတို့၏စီမံကိန်းဆိုင်ရာကနဦး သတင်းအချက်အလက်များ(Baseline) ရရှိအောင်ဆောင်ရွက်ကြပါမည်။ယင်းအခြေခံသတင်း အချက်အလက်များ သည်စီမံကိန်း၏တိုးတက်မှုကိုတိုင်းတာမည့်အညွှန်းကိန်း(indicator)များဖြစ်ပါမည်။ (၃)လပတ်ကုန်ဆုံးချိန် တိုင်းတွင်ကော်မတီနှင့်အဖွဲ့အသီးသီးသည် ၎င်းတို့၏ကြီးကြပ်စစ် ဆေးတွေ့ရှိမှုအစီရင်ခံစာ (monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင် ရွက်ရမည့်ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှုကော်မတီမှဦးဆောင်ပါမည်။

(၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည်

အောက်ပါအချက်များအပေါ်ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့်ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင်ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့်ပြုပြင်သင့်သောအဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန်လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့်နှိုင်းယှဉ်၍)၊
